

# ပြတင်းလေး

ကျနော့်ရောဂါ ပြင်းထန်လွန်းတာကြောင့် မကြာမီက ဆေးရုံတက်လိုက်ရတယ်၊ ကျနော်နဲ့တစ်ခန်းတည်းမှာ ကျနော့်လိုပဲ ရောဂါဝေဒနာပြင်းထန်တဲ့ အခြားလူနာတစ်ဦးလည်းရှိပါတယ်၊ သူကတော့ ကျနော်နဲ့စာလျှင် ကံကောင်းတယ်လို့ဆိုရမှာပါ၊ ညနေတိုင်း ညနေတိုင်း သူ့အဆုတ်ထဲက ရေတွေကို စုတ်ထုတ်နိုင်အောင်လို့ တစ်နာရီခန့် ထိုင်ခွင့်ရပါတယ်၊ ကျနော်ကတော့ အမြဲတမ်းအိပ်ရာပေါ်မှာသာ လဲလျောင်းပြီး နေနေရတယ်၊ ကျနော်က အတွင်းဖက်က၊ သူက ကျနော်တို့အခန်းရဲ့ တစ်ခုတည်းသာရှိတဲ့ ပြတင်းပေါက်ဘက်မှာပါ။

ကျနော်တို့ခံစားနေရတဲ့ဝေဒနာကို ယာယီမေ့ပျောက်ထားနိုင်စေဖို့ ကျနော်တို့နှစ်ယောက် စကားတွေကို မနားတမ်းပြောခဲ့ကြတယ်၊ ကျနော်တို့စကားတွေထဲမှာ ကျနော်တို့ မယားတွေအကြောင်း၊ မိသားစုတွေအကြောင်း၊ ကျနော်တို့အိမ်တွေအကြောင်း၊ ကျနော်တို့အလုပ်အကြောင်း၊ နောက်ပြီး ကျနော်တို့ စစ်တပ်ထဲမှာ အမှုထမ်းခဲ့တဲ့အကြောင်းနဲ့ ကျနော်တို့သွားရောက်ခဲ့တဲ့ အပန်းဖြေခရီးတွေအကြောင်း၊ အိုစုံလို့ စုံလို့ပေါ့ဗျာ။

ညနေရောက်လျှင် သူက ထိုင်ရာကနေပြီး သူ့အနီး ပြတင်းတံခါးကနေ မြင်ရတဲ့ မြင်ကွင်းတွေကို ကျနော့်ကိုပြောပြတတ်တယ်၊ သူ့စကားများကြောင့် ပြင်ပကမ္ဘာကြီးရဲ့ သာယာလှပမှုတွေ၊ သက်ဝင်လှုပ်ရှားမှုတွေကို ကျနော်လည်း တဆင့်ခံစားနိုင်ပါတယ်၊ ကျနော့်ကမ္ဘာလည်း ကျနော်တို့နေနေရတဲ့ အခန်းလေးလောက်သာမက ပိုမိုကျယ်ပြန့်လာသလိုဖြစ်ရပါတယ်၊ ညနေ ဒီတစ်နာရီအချိန်ဟာ ကျနော့်အဖို့တော့ စိတ်အား အတက်ကြွဆုံးအချိန်ပါပဲ။

ပြတင်းတံခါးလေးကနေ ပန်းခြံတစ်ခုကိုမြင်နေရတယ်လို့ သူပြောပြတယ်၊ ပန်းခြံတွင်းက ရေကန်လေးထဲမှာ ဘဲ၊ ငန်းတွေ ရေကူးနေကြတာ၊ ကလေးငယ်တွေ စက္ကူလှေလေးတွေ လွှတ်ကစားနေကြတာ၊ သက်တန့်ရောင်ဖြာနေတဲ့ ရောင်စုံပန်းခင်းတွေကြား ချစ်သူစုံတွဲတွေ လက်ချင်းတွဲလို့ လမ်းလျှောက်နေကြတာကိုလည်း စိတ်ဝင်စားဖွယ် ပြောပြတတ်ပါတယ်၊ ဂန္ထဝင်သစ်ပင်အိုကြီးများကလည်း မြင်ကွင်းရဲ့အသရေကို တိုးစေတယ်ဆိုတာလည်း ပါပါတယ်၊ ဟိုခပ်ဝေးဝေးဆီမှာတော့  မြို့တော်ရဲ့မိုးမျှော်တိုက်မြင့်မြင့်တွေကို ခမ်းနားထယ်ဝါစွာ တွေ့မြင်နိုင်တယ်လို့လည်း သူပြောပြတတ်ပါတယ်၊ အဲဒီလိုပြတင်းပေါက်ကနေ ကောင်းစွာမြင်နေရတဲ့ ရှုမောအံ့သြဖွယ် ရောင်စုံမြင်ကွင်းတွေကိုသူပြောပြချိန်မှာတော့ ကျနော်က တစ်ဖက်ကုတင်ပေါ်မှာ မျက်လုံးကိုအသာမှိတ်လို့ သူပြောပြသမျှ ပြင်ပကမ္ဘာရဲ့ ပုံရိပ်လှလှအလှတွေကို စိတ်ကူးထဲမှာပုံဖော်ကာ ကြည်နူးခံစားနေမိတတ်ပါတယ်။

နွေးထွေးသာယာတဲ့ညနေချမ်းတစ်ခုမှာတော့ သူက တီးဝိုင်းတစ်ခု ဖြတ်သွားတဲ့အကြောင်းကို အသေးစိတ်ပြောပြပါတယ်၊ ကျနော်ကိုယ်တိုင် တီးမှုတ်သံကို မကြားရပေမယ့် သူ့ရဲ့အသေးစိတ် ပြောပြချက်ကိုနားထောင်ပြီး ကျနော့်စိတ်မျက်စိထဲမှာ တီးဝိုင်းရဲ့ဟန်ပန်ကို ထင်ထင်ရှားရှား မြင်တွေ့ခံစားနိုင်ခဲ့ပါတယ်၊ နောက်ပြီး ထူးခြားတဲ့အတွေးတစ်ခုလည်း ကျနော့်ခေါင်းထဲ ဝင်လာပါတယ်။

သူ့မှာတော့ ဒီလောက်သာယာဖွယ်ကောင်းတဲ့အရာအားလုံးကို မြင်ရပြီး ငါကြတော့ ဘာကြောင့် ဒီအခွင့်အရေးမျိုးကို မရနိုင်ရတာလဲ၊ ခုလိုဖြစ်ရတာ မမျှတသလိုပဲ၊ ပထမတော့ ကျနော့်အတွေးကို ကျနော်ပြန်ပြီး ရှက်မိတယ်၊ ဒါပေမယ့် ရက်တွေကြာလာတာနဲ့အမျှ ကိုယ်တိုင်ကြည့်ချင်စိတ်က ပိုပြင်းထန်လာပါတယ်၊သူ့ကိုလည်း မနာလိုစိတ်ဖြစ်လာမိပါတယ်၊ နောက်ပြီး မကျေနပ်စိတ်၊ ဒီကတဆင့် နာကျည်းတဲ့အဆင့်အထိဖြစ်ခဲ့ပါတယ်၊ ဒီနောက်မှာတော့ တအုံ့နွေးနွေးခံစားရပြီး အိပ်မပျော်နိုင်တဲ့အထိ ဖြစ်ခဲ့ပါတယ်၊ ဒီအချိန်မှာ ကျနော်ဟာ ပြတင်းဘေးမှာ ရှိနေသင့်ပြီဆိုတဲ့အတွေးကလည်း ကျနော့်ကိုလွှမ်းမိုးထားခဲ့ပါတယ်။

တညမှာတော့ အိပ်မပျော်နိုင်တာနဲ့ မျက်နှာကြက်ကိုငေးကြည့်ရင်း ဟိုဟိုဒီဒီတွေးနေမိပါတယ်၊ ဒီအချိန်မှာ သူချောင်းစဆိုးလာပါတယ်၊ အဆုတ်မှာ ချွဲသလိပ်တွေနဲ့မွန်းကျပ်နေဟန်ရှိပါတယ်၊ ရှန်းကန်လှုပ်ရှားရင်း အကူအညီခေါ်ဖို့ အရေးပေါ် ခလုပ်ကိုစမ်းပြီးရှာနေတာကို မီးရောင်မှိန်မှိန်အောက်မှာ ကျနော်အတိုင်းသားမြင်နေရပါတယ်၊ သူ့အသံကိုနားစွင့်ရင်း ကျနော်တုပ်တုပ်မျှမလှုပ်ပဲ ငြိမ်နေခဲ့ပါတယ်၊ ကျနော့်ကုတင်မှာရှိနေတဲ့ခလုပ်ကိုနှိပ်လိုက်ရင် သူနာပြုတွေပြေးလာမယ်ဆိုတာသိပေမယ့် ခလုပ်ကို ကျနော်လုံးဝမနှိပ်ခဲ့ပါဘူး၊ သုံးလေးမိနစ်ခန့်အကြာမှာတော့ သူချောင်းဆိုးသံ ရပ်သွားပါတယ်၊ သူ့ကုတင်က အသံလည်းတိတ်သွားပါတယ်။

နောက်ရက်မနက်မှာတော့ လူနာများကို ကိုယ်လက်သုတ်သင်ပေးဖို့ နေ့စောင့်သူနာပြု ရောက်လာတယ်၊ ပြတင်းပေါက်ဘေးက သေဆုံးနေတဲ့သူ့ကို တွေ့တဲ့အခါမှာတော့ ဆေးရုံအကူတွေကို အလောင်းကိုသယ်ထုတ်သွားဖို့ ခေါ်လိုက်ပါတယ်၊ သူတို့ အဖို့တော့ ဒါဟာ တွေ့မြင်နေကြ၊ မထူးဆန်းတဲ့အရာပါပဲ။

အားလုံးရှင်းလင်းပြီးတဲ့အချိန်လောက်မှာတော့ ကျနော်ပြတင်းပေါက်အနီး ရွှေ့နေနိုင်မလားလို့ သူနာပြုကိုမေးခဲ့ပါတယ်၊ သူကလည်း လိုလိုလားလားပဲ ရပါတယ်လို့ပြောပြီး ကျနော့်ကိုပြောင်းရွှေ့ပေးခဲ့ပါတယ်၊ အရာအားလုံးနေထားတကျ ပြုလုပ်ပေးအပြီးမှာတော့ သူနာပြု ကျနော့်အနားကနေ ထွက်သွားပါတယ်။

နာကျင်ပေမယ့်လည်း တဖြေးဖြေးခြင်း တတောင်ကိုအားပြုပြီး ကျနော့်ခန္ဓာကိုယ်ကို ပထမ မတ်လိုက်ပါတယ်၊ ကျနော်မျှော်လင့်တောင့်တခဲ့တဲ့ ကြည်နူးဖွယ်မြင်ကွင်းကို ကိုယ်တိုင်ကြည့်ခွင့် ရပေတော့မယ်၊ တဖြေးဖြေး ပြတင်းလေးနားကို နီးနိုင်သမျှနီးအောင်တိုးပြီး ကျနော့်ခန္ဓာကိုယ်ကို အသာလှည့်ကာ အပြင်ဘက်ကိုလှန်းကြည့်လိုက်တဲ့အခါမှာတော့...

ဗလာကျင်းနေတဲ့ နံရံတစ်ခုကိုသာ ကျနော်တွေ့လိုက်ရပါတယ်။

အင်တာနက်စာမျက်နှာပေါ်က အမည်ဖော်ပြမထားတဲ့ စာရေးသူတစ်ဦးရဲ့ **The Window** ဆိုတဲ့ဝတ္ထုလေးကို ဆီလျော်အောင် ဘာသာပြန်ထားပါတယ်၊ မူရင်းရသ ပေါ်လွင်အောင် မပြန်ဆိုနိုင်ခဲ့တာကိုလည်း ဝန်ခံပါတယ်။ ။

ဉာဏ်ဦးမောင်